

# ရှုဗေ ဗရာအသ်ည

# လမြတ်ရမဇွာန် နှင့် ကာဒရ်ည

## တို့၏

# ထူးမြတ်မှု နှင့် ကျင့်စဉ်များ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

## ရှအ်ဗာန်လမြတ်နှင့် ရှဗေဗရအသ်၏ ထူးမြတ်မှုများအကြောင်း

အစ္စလာမ့်လများတွင် လမြတ်ရှအ်ဗာန်သည် အဋ္ဌမလဖြစ်၏။ ဗရကာသ်မင်္ဂလာနှင့်ပြည့်စုံသောလနှင့် လွတ်မြောက်သောညတို့ ပါရှိသည်။ ဗရကာသ်မင်္ဂလာနှင့်ကောင်းမှုများအရာ၌ ရမဇာန်လမှအပ ကျန်လအားလုံးထက်ထူးကဲမြင့်မြတ်သည်။

တမန်တော်မြတ်မုဟမ္မဒ်သခင် ﷺ က ဤဗရကာသ်မင်္ဂလာနှင့်ပြည့်စုံသောလကို ''ရှအ်ဗာန်လသည် ငါ၏လဖြစ်သည်''ဟု မိန့်ခဲ့၏။

နဗီတမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ လူတို့သည်ဤလ၏ဗရကာသ်မင်္ဂလာနှင့် ကောင်းချီးအဖြာဖြာကိုလျစ်လျူရှုလျက်ရှိကြ

၏။ ကျင့်ဆောင်မှုများကို အရှင်မြတ်ထံတော်ပါး တင်ဆက်ရ၏။ ထို့ကြောင့်ငါ၏ကျင့်ဆောင်မှုများ ကို အလ္လာဟ်အရှင်မြတ်ထံတော်ပါးတင်ဆက် သည့်အခါ ရိုဇဟ်ဥပုသ်နှင့်ရှိနေခြင်းကိုနှစ်သက် တော်မူ၏။ ရှဗေဗရအသ်ည၏ထူးမြတ်ခြင်းနှင့် စပ်လျဉ်း၍ ဟဇရသ်အသွာအ်ဒ် ဗင်နှ်ယစား၏ ﴿رحمة الله عليه﴾ သခင်သာဗိအိကအမိန့်ရှိသည်မှာ ကဒရ်ညမြတ်ပြီးနောက် ရှအ်ဗာန် (၁၅) ရက်ည သည် အမြတ်ဆုံးညဖြစ်သည်။ ယင်းညတွင် လူ တို့၏ သက်တမ်း၊ ရိဇ္ဇာ၊ ကြွယ်ဝခြင်း၊ ဆင်းရဲ ခြင်း၊ ဂုဏ်ရှိခြင်း၊ ဂုဏ်ပျက်ခြင်း၊ သေခြင်း၊ ရှင်ခြင်းအစရှိသည်တို့နှင့်စပ်လျဉ်းသော အချက် များကို စိစစ်ဆုံးဖြတ်တော်မူ၏။

အများအခေါ်အဝေါ်အရ ယင်းညမြတ် ကို 'ရှဗေဗရအသ်'ဟုခေါ်ဆိုပြီး ထိုညကို

(၁) ဗရကာသ်မင်္ဂလာနှင့်ပြည့်စုံသော၊
(၂) ရဟ်မသ်ကရုဏာအစုံနှင့်ပြည့်ဝ သော၊
(၃) လူသားတို့စာရင်းအင်းအဝဝကို စီမံ ခန့်ခွဲ သော။
(၄) ဂျဟန္နမ်ငရဲမှ လွတ်ငြိမ်းမှုရရှိစေသော ဟူ၍လည်းခေါ်ဆိုကြသည်။

## ညနိုးကြားခြင်းနှင့် နေ့ရိုဇာဟ်စောင့်ထိန်းခြင်း

ဟဇရသ်အလီ ﴿رضي الله عنه﴾ သခင်က ဆင့်ပြန်ခဲ့သည်။

တမန်တော်မြတ် ﷺ မိန့်ခြွေတော်မူသည်မှာ -

ရှအ်ဗာန်လ (၁၅)ရက်ညရောက်လျှင် ညကိုနိုးနိုးကြားကြား (အိဗာဒသ်)ပြု၍ နေ့ကိုရိုဇာဟ်စောင့်ထိန်းကြကုန်၊ အဘယ်ကြောင့်ဆိုသော်

အလ္လာဟ်အရှင်မြတ်သည် နေဝင်ချိန်မှစ၍ ဖဂျရ် အချိန်ထိ မိုးကောင်းကင်ပထမထပ်သို့ကြွမြန်း တော်မူကာ

"သတိမူကြကုန်လော့"

"ငါအရှင်မြတ်ထံ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံသူတစ်ဦးတစ်ယောက်ရှိပါသလား? ထို သူအား ချမ်းသာခွင့်ပြုတော်မူအံ့"

"ရိဇိရိက္ခာနှင့်စပ်လျဉ်း၍ တောင်းခံသူရှိ ပါသလော? ထိုသူအားရိဇိရိက္ခာချီးမြှင့်တော် မူအံ့"

"ဒုက္ခတစ်စုံတစ်ရာနှင့်ကြုံတွေ့သူ တစ် ဦးတစ်ယောက်ရှိပါသလော? ထိုသူအားဒုက္ခကြပ် တည်းမှုမှ အေးချမ်းမှုပေးသနားတော်မူအံ့"

"အလားတူအခြားသောတောင်းခံမှု များရှိပါကလည်း ငါအရှင်မြတ်ဖြည့်ဆည်းပေးသ

နားတော်မူအံ့''ဟု အသံပြုတော်မူလေသည်။
(အိဗ်နုမာဂျာဟ်ကျမ်း၊ စာ-၁၀)

မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် နဗီတမန်တော်မြတ် ﷺ ၏မိန့်ကြားချက် ဤသို့လာရှိ၏။ အလ္လာဟ်အရှင်မြတ်သည် ရှအ်ဗာန်လအလယ်ညတွင် မိမိဖန်ဆင်းတော်မူသောအရာအားလုံးဘက်သို့ အထူးလှည့်တော်မူ၏။ ထို့နောက်အလ္လာဟ်အရှင်မြတ်နှင့် အခြားတစ်စုံတစ်ရာကိုတွဲဖက်ယှဉ်ပြိုင်ကိုးကွယ်သူ၊ ကောက်ကျစ်သောစိတ်ထားရှိသူမှအပ အားလုံးကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူ၏။

အထက်ပါဟဒီးစ်တော်များအရ ရှဗေဗရအသ်ညသည် ထူးကဲမြင့်မြတ်သောညကြီးများတွင်အပါအဝင်ဖြစ်ကြောင်းကိုသိရှိရသည်။

ထိုည၌နိုးကြားစွာအေဗာဒသ်ပြု၍ နေ့အ

ခါရိုဇဟ်ထားခြင်းဖြင့် စွန္နသ်၏အကျိုးကိုရရှိပေမည်။

သို့သော် ညအချိန်အဗောဒသ် ခဝပ်မှုများပြုလုပ်ရာတွင် သတ်မှတ်ချက်တစ် စုံတစ်ရာမရှိပေ။ သိလာဝသ်သော်လည်းကောင်း၊ ဖိက်ရ်နှင့် နဖိလ်နမာဇ်များသော်လည်းကောင်း စိတ်သန်ရာကိုပြုလုပ်နိုင်သည်။ ဤသည် တစ်ဦးချင်းကျင့်ဆောင်ရမည့်ကိစ္စများဖြစ်၏။ နှစ်ဘဝသခင်ကျေးဇူးတော်ရှင် တမန်တော်မြတ် ﷺ သည် ရှဗေဗရအသ်ညတွင် မိမိကိုယ်တိုင်လည်း အေဗာဒသ် ခဝပ်မှုပြုခဲ့သလို အွမ္မသ်သားများကိုလည်း ထိုည၌အဗောဒသ်ပြုကြရန် မိန့်ကြားတော်မူခဲ့သည်။

## ရှပေဗရအသ်ညတွင် အထူးပြုကျင့်ရမည့်ကျင့်စဉ်များ

ထူးကဲမြင့်မြတ်သော ရှပေဗရအသ်ည တွင် မင်္ဂရိဗ်၊ အိရှာနှင့် ဖဂျရ်နမာဇ်တို့ကို ဗလီ တွင်ဂျမာအသ်နှင့် ရှေ့ဆုံးအတန်း၌သက္ကဗီရ်အူ လာနှင့်တကွ မပျက်မကွက်ဖတ်နိုင်ရန်ကြိုးစားရ မည်။

ငင်းည၏ကျင့်စဉ်များမှာ

၁။ နဖိလ်နမာဇ်များများဖတ်ခြင်း၊

၂။ ကုရ်အာန်သေလာဝသ်ပြုလုပ်ခြင်း၊

၃။ ဇိကိရ်ပြုလုပ်ခြင်း၊

၄။ ဒရူးဒ်ရှရီးဖ်များစွာဖတ်ရွတ်ခြင်း၊

၅။ ကဗရ်သချိုင်းသို့သွားရောက် ဇေယာရသ်ပြု ခြင်း၊

၆။ ဆုမွန်ဒိုအာများတောင်းခံခြင်းစ သည်တို့ဖြစ်သည်။

# အချို့သူတော်စင်တို့၏ကျင့်စဉ်

၁။ နဖိလ်နမာဇ် (၂)ရကာအသ်ကို စွလာ သွတ်သ် သောင်ဗဟ်နိယသ်ဖြင့်ဝတ်ပြုရမည်။ စလာမ်လှည့်ပြီး စူရဟ်ယာစီးန် (၃)ကြိမ်၊ အိစ်သိဂ် ဖာရ်အကြိမ် (၁၀၀) ဖတ်ပြီးနောက် အလ္လာဟ်အ ရှင်မြတ်ထံ မိမိကျူးလွန်မိခဲ့သော အပြစ်ဂုနာဟ် အသေးအကြီးများကို သောင်ဗဟ်ပြုလုပ်ရပေ မည်။

၂။ နမာဇ် (၂)ရကာအသ်ကို နဖိလ်နိယသ် ဖြင့်ဝတ်ပြုရမည်။ စလာမ်လှည့်ပြီးနောက် စူရဟ် ယာစီးန် (၃)ကြိမ်ဖတ်ရွတ်၍ အီမာန်နှင့်တကွသေ ဆုံးနိုင်စေရန် အလ္လာဟ်အရှင်မြတ်ထံဆုမွန်ဒိုအာ တောင်းခံရမည်။

၃။ နမာဇ် (၂)ရကာအသ်ကို နဖိလ်နိယသ် ဖြင့်ဝတ်ပြုရမည်။ စလာမ်လှည့်ပြီး စူရဟ်ယာ

စီးနှ်ကို (၃) ကြိမ်ဖတ်ရွတ်၍ အလ္လာဟ်အရှင်မြတ်မှ တစ်ပါး အခြားမည်သူ့ထံမှလိုလားတောင်းခံခြင်း မရှိပါစေရန် ဆုမွန်ဒိုအာတောင်းခံရမည်။

၄။ နမာဇ် (၂)ရကာအသ်ကို နဖိလ်နိယသ်ဖြင့်ဝတ်ပြုရမည်။ စလာမ်လှည့်ပြီးနောက် စူရဟ်ယာစီးန် (၃)ကြိမ်ဖတ်ရွတ်၍ ရိဇ်ကီရိက္ခာပေါ်များစေရန်၊ ဒုက္ခဆင်းရဲခြင်း၊ ဘေးဗလာရောဂါများမှကင်းဝေးစေရန်နှင့် ကျန်းမာသန်စွမ်းပြီးသက်တမ်း၌ ဗရကာသ်ရှိစေရန်ဆုမွန်ဒိုအာတောင်းခံရမည်။

**ကျင့်စဉ် (၁)** အကြင်သူသည် နဖိလ်နမာဇ် (၄) ရကာအသ်ကို အောက်ပါနည်းအတိုင်းဖတ်ခဲ့သော် ၎င်းသူသည် သေခြင်းတရား (စကရာသ်)၏ ပြင်းထန်မှုမှ လွယ်ကူစေမည့်အပြင် ကဗရ်သင်္ချိုင်း၏အဇားဗ်ပြစ်ဒဏ်များမှလည်း လွတ်ငြိမ်း

ချမ်းသာခွင့်ရရှိမည်။

**ဖတ်နည်း**    ရကအသ်တိုင်းတွင် (ရူရဟ်ဖာသေဟာ)ဖတ်ပြီး ရူရဟ်(အလ်ဟာကိုမွတ် သကာဆိုရ်ု) (၁)ကြိမ်၊ ၎င်းနောက် (ကွလ်ဟုဝါလ္လာဟုအဟဒ်) (၃)ကြိမ်ကို (၄)ရကအသ်လုံး ဖတ်ရမည်။

ကျင့်စဉ် (၂)    အကြင်သူသည် နဖိလ်နမာဇ် (၄) ရကအသ်ကို အောက်ပါနည်းအတိုင်းဖတ်ခဲ့သော် ၎င်းကျူးလွန်ခဲ့သော နှစ်ပေါင်း (၅၀) ၏ ဂုနဟ်အသေးစားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားခြင်းခံရမည်။

**ဖတ်နည်း**    (၄)ရကအသ်လုံးတွင် (ရူရဟ်ဖာသေဟာ) ဖတ်ပြီးနောက် (ကွလ်ဟုဝါလ္လာဟုအဟဒ်)ကို (၂၅)ကြိမ်စီ (၄)ရကအသ်လုံးဖတ်ရပေမည်။

(ဖဇာအေလေယှအ်ဗာန်ကျမ်း)

၂။ ရှေ့ပေပရအသည် မင်္ဂရိုင်နှင့်အိရှာ၏ကြား၌ဖြစ်စေ (သို့မဟုတ်) အိရှာ၏နောက်၌ ဖြစ်စေ **စူရဟ်စဂ်ျဒဟ်** (၂၁)ပါရဟ်နှင့် **စူရဟ်သဗား ရကာလ်လဖီး** (၂၉)ပါရဟ်တို့ကိုဖတ်ရ၏။

အကြွင်သူသည် ယင်းစူရဟ် (၂)ခုကို ဖတ်လျှင် ထိုသူ့အတွက်ကုသိုလ်ကောင်းမှု (၇၀) ရေးမှတ်ခြင်းပြု၏။ ထို့နောက်မကောင်းမှု (၇၀)ကို ပပျောက်စေကြောင်း ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်။ အခြားဆင့်ပြန်ချက်တစ်ရပ်တွင် ထိုစူရဟ် (၂)ခုကိုဖတ်သောသူအတွက် လိုင်လ **သွလ်ကာဒရ်**၏ အေဗာဒသ်နှင့်ညီမျှသော အကျိုးစဝါးဗ်ကို ရေးသားခြင်းပြုသည်ဟုလာရှိ၏။

(မဇာဟစ်ရ်ကျမ်း)

## ကဗရ် သချိုင်းသို့သွားရောက် ဇိယာရသ်ပြုခြင်း

ရှဖေဗရအသ်ညတွင် တမန်တော်မြတ် ﷺ သခင်သည် ကဗရ်သချိုင်းသို့တစ်ဦးတည်း သွားရောက်ဇိယာရသ်ပြု၍ သေသူများ မဂ်ဖိရသ် အတွက် တောင်းဆုဒိုအာများပြုတော်မူခဲ့ကြောင်း ဟဒီးစ်တော်အရသိရှိရပေသည်။

ရှဖေဗရအသ်ည၌ အောက်ပါပုဂ္ဂိုလ် များ၏ တောင်းဆုဒိုအာများကို ကဗူလ်ပြုလက်ခံ တော်မူမည်မဟုတ်ချေ။

(၁) အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် ကိုးကွယ်သူ၊

(၂) မိဘနှစ်ပါး၏ အမိန့်ဖီဆန်သူ၊

(၃) ဆွေမျိုးသားချင်း အဆက်ဖြတ်သူ၊

(၄) တစ်ဦးဇာစ်ယောက်အား အကြောင်းမဲ့ သတ်ဖြတ်သူ၊

(၅) ရန်ငြိုးထားသူ၊ ကောက်ကျစ်သူ၊
(၆) ပုဆိုး၊ ဘောင်းဘီကို ခြေမျက်စိအောက်ထိချ၍ဝတ်သော အမျိုးသား၊
(၇) သေရည်၊ သေရက်သောက်စားသူတို့ဖြစ်ကြသည်။

အဆိုပါလူပုဂ္ဂိုလ်များအနေနှင့် မိမိတို့၏ အပြစ်များမှ သောင်ဗဟ်မပြုမချင်း ၎င်းတို့၏ဆုမွန်ဒိုအာကို အလ္လာဟ်အရှင်မြတ်က လက်ခံလိမ့်မည်မဟုတ်။ **ဟုကူကွလ်အေးဗာဒ်** (လူသားများနှင့်သက်ဆိုင်သောဝတ္တရားများ)နှင့်စပ်လျဉ်း၍ ပေးဆပ်ရမည် (သို့) တောင်းပန်ရမည်။

ကိုယ်တော်မြတ် ﷺ က အမိန့်ရှိတော်မူသည်။ အို အာအိရှဟ် – အောက်ပါဒုအာကို အသင်ကိုယ်တိုင်ဆည်းပူး၍ အခြားသူတို့ကိုလည်း သင်ကြားပို့ချပါ။ ဂျစ်ဗ်ရာအီးလ် ကောင်းကင်

တမန်တော်သည် ငါ့အားသင်ကြားပို့ချ၍ စဂျ်ဒဟ် တွင်ရွတ်ဖတ်ရန် အဖန်တလဲလဲညွှန်ကြားခဲ့ပါ သည်ဟု မိန့်ကြားတော်မူ၏။

اَللّٰهُمَّ اِنِّى اَعُوْذُ بِعَفْوِكَ مِنْ عِقَابِكَ وَاَعُوْذُ بِرِضٰكَ مِنْ سَخَطِكَ وَاَعُوْذُ بِكَ مِنْكَ جَلَّ وَجْهُكَ لَا اُحْصِىْ ثَنَآءً عَلَيْكَ اَنْتَ كَمَا اَثْنَيْتَ عَلٰى نَفْسِكَ

အသံထွက်။ ။ အလ္လာဟွမ္မ အင်နီ အအူဇု ဗိအဖ်ဝိက မင့်န်အိကားဗိက ဝအအူဇုဗိရိဒွါက မင့်န်စခသွိက ဝအအူဇုဗိကမင်န်က ဂျလ်လဝဂျ် ဟုက လာအုဟ်ဆွိ ဆနာအန်အလိုင်က အန်သ ကမာ အတ်ဆ်နိုင်းသ အလား နဖ်စစ်က်။

ရှိက်ခ်အဗွလ်ဟစန်က ထိုည (ရှပေဗရ

**အသ်)** တွင် နဗီတမန်တော်မြတ်ﷺ က **ရှမေ** ကဒရ်အတွက် သင်ကြားပို့ချတော်မူသောစကား လုံးများဖြင့်ပင် အလ္လာဟ်အရှင်မြတ်ထံတော်၌ ရဟ်မသ်ကရုဏာနှင့် လွတ်ငြိမ်းချမ်းသာခွင့်ကိုအ သနားခံခြင်းမှာမြတ်သည် ဟုမိန့်ကြားတော်မူ၏။ ၎င်းဒုအာမှာ အောက်ပါအတိုင်းဖြစ်သည် -

اَللّٰهُمَّ اِنَّكَ عَفُوٌّ تُحِبُّ الْعَفْوَ فَاعْفُ عَنِّى

အသံထွက်။ ။ အလ္လာဟုမ္မ အင်န်နက အ ဖုဝ်ဝွန်း သုဟာစ်ဗ်ဗွလ်အဖ်ဝ ဖအ်ဖုအန်နီ

ရှအ်ဗာန်လ (၁၅)ရက်ညတွင် တရား အားထုတ်ခြင်း၊ သောင်ဝ်ဗဟ်ပြုခြင်းနှင့် အပြစ် များမှလွတ် ငြိမ်းချမ်းသာခွင့်ကို များစွာအသနားခံ ခြင်းပြုကြပါ။ ထို့နောက် နေ့အခါ ရိုဇဟ်စောင့် ထိန်းကြပါ။

## ဆွလာသွတ်သတ်စ်ဗီးဟ်နမာဇ်ဝတ်ပြုနည်း

ဆွလာသွတ်သတ်စ်ဗီးဟ် (၄)ရကာအသ် ဖတ်ရ၏။ တစ်ခါသော် နဗီတမန်တော်မြတ် ﷺ သည် မိမိ၏ဘထွေးတော် အဗ္ဗာစ်သခင်အားမိန့်ကြားတော်မူခဲ့သည်မှာ 'အို အဗ္ဗာစ်၊ အို ကျွန်ုပ်၏ဘထွေး ကျွန်ုပ်သည် အသင့်အားလက် ဆောင်တစ်ခုပေးရမည်လော။ ဝတ္တုပစ္စည်း ဆယ်ခုကိုပိုင်ဆိုင်စေရမည်လော။ အသင်သည် ယင်းကိစ္စကိုဆောင်ရွက်ပါက အလ္လာဟ်အရှင်မြတ်သည် အသင်၏အလုံးစုံသောအတိတ်မှ အပြစ်တို့ ကိုလည်းကောင်း၊ အနာဂတ်၏ပြစ်မှုတို့ကိုလည်းကောင်း၊ ပြစ်မှုသစ်များနှင့် ပြစ်မှုဟောင်းတို့ကိုလည်းကောင်း၊ မှားယွင်း၍ကျူးလွန်မိခဲ့သောပြစ်မှုများနှင့် သိလျက်ကျူးလွန်ခဲ့သော ပြစ်မှုများကိုလည်းကောင်း၊ လျှို့ဝှက်စွာနှင့်ပွင့်လင်းစွာ ကျူး

လွန်ခဲ့သောပြစ်မှုများကိုလည်းကောင်း၊ ခပ်သိမ်းသော ပြစ်မှုတို့ကို ခွင့်လွှတ်တော်မူမည်။ ယင်းအလုပ်ကိစ္စမှာ နဖိလ်လေးရကာအသ်ကို (ဆွလာသွတ်သတ်စ်ဗီးဟ်၏နိယသ်ဖြင့်ဖတ်ခြင်းပင်ဖြစ်၏။

(သိရ်မိဇီကျမ်း၊ အတွဲ ၁၊ စာ-၁၀၆)

**ဆွလာသွတ်သတ်စ်ဗီးဟ်နမာဇ်၏နိယသ်**

نَوَيْتُ اَنْ اُصَلِّيَ لِلّٰهِ تَعَالٰى اَرْبَعَ رَكَعَاتِ صَلٰوةِ التَّسْبِيْحِ سُنَّةَ رَسُوْلِ اللّٰهِ تَعَالٰى مُتَوَجِّهًا اِلٰى جِهَةِ الْكَعْبَةِ الشَّرِيْفَةِ اَللّٰهُ اَكْبَرُ

နဝိုင်းသူအန် အုဆွလ္လိယ လစ်လ္လာဟိ သအာလ အရ်ဗအ ရကာအာသင်န် ဆွလာသသ် သတ်စဗီဟိ စွန္နသရစူလိလ္လာဟိ သအာလာ မုသဝဂ်ျဂျိဟာန် အိလာဂျိဟာသိလ် ကအ်ဗသိရ်ှရှရီးဖသိ အလ္လာဟုအက္ကဗရ်။

# ဆွလာသွတ်သတ်စ်ဗီးဟ်နမာဇ်တွင် ရွတ်ဆိုရသော သတ်စ်ဗီးဟ်

စွဗ္ဗဟာနလ္လာဟိ၊ ဝလ်ဟာမ်ဒုလစ်လ္လာဟိ၊ ဝလာ အိလာဟ အိလ္လလ္လာဟု ဝလ္လာဟုအက္ကဗရ်။

မှတ်ချက် - ဆွလာသွတ်သတ်စ်ဗီးဟ်နမာဇ် သည် (၄) ရကအသ်ရှိပါသည်။ ဤနမာဇ်တွင် အထက်ပါသတ်စ်ဗီးဟ်ကို အောက်ပါအတိုင်းရွတ် ဆိုရမည်။

| | | |
|---|---|---|
| ၁။ | စူရဟ်တွဲပြီး ရုကူအ်မပြုမီ | ၁၅ - ခေါက် |
| ၂။ | ရုကူအ်တွင် | ၁၀ - ခေါက် |
| ၃။ | ရုကူအ်မှမတ်တပ်ရပ်ပြီး | ၁၀ - ခေါက် |
| ၄။ | ပထမစဂ်ျဒဟ်တွင် | ၁၀ - ဂခါက် |
| ၅။ | ပထမစဂ်ျဒဟ်မှ ထထိုင်ပြီး | ၁၀ - ခေါက် |
| ၆။ | ဒုတိယစဂ်ျဒဟ်တွင် | ၁၀ - ခေါက် |
| ၇။ | ဒုတိယစဂ်ျဒဟ်ပြုပြီး ထိုင်၍ | ၁၀ - ခေါက် |

တစ်ရကအသ်တွင် ၇၅–ကြိမ်၊ ၄–ရက အသ်တွင်စုစုပေါင်း အကြိမ် (၃၀၀)ရွတ်ဆိုရမည်။

''အို ဘကြီးတော် ဖြစ်နိုင်လျှင် ယင်းနမာဇ်ကို နေ့စဉ်ဝတ်ပြုပါလေ။ ထိုမှ မဟုတ်လျှင် သောကြာနေ့အပတ်တိုင်းဝတ်ပြုပါလေ။ ဤသို့မဖြစ်နိုင်ပါကလည်း တစ်နှစ်လျှင် တစ်ကြိမ်ဝတ်ပြုပါလေ။ နောက်ဆုံး ဤသည်လည်း မဖြစ်နိုင်ပါက သက်တမ်းတစ်လျှောက် တစ်ကြိမ်တစ်ခါတော့ဝတ်ပြုလိုက်ပါ''ဟု တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူလိုက်သည်။

မတ်(စ်)အလာ (၁)

ဆွလာသွတ်သတ်စ်ဗီးဟ်နမာဇ်ကို ဂျမာအသ်နှင့်ဝတ်မပြုရ။ တစ်ဦးချင်းသာဝတ်ပြုရ၏။

မတ်(စ်)အလာ (၂)

ဆွလာသွတ်သတ်စ်ဗီးဟ်နမာဇ် အ

တွက် သီးသန့်စုရပ်သတ်မှတ်ချက်မရှိ။ မိမိဖတ်လိုသည့်စုရပ် တွဲဖတ်နိုင်သည်။

မတ်စ်အလာ (၃)

အကယ်၍ တစ်နေရာ၌ရွတ်ဖတ်ရမည့်သတ်စ်ဗီဟ်အား မေ့လျော့သွားပါက အခြား (ရုကူအ်နှင့် စဂျ်ဒါဟ်)တို့၌ ဖြည့်စွက်နိုင်သည်။

မတ်စ်အလာ (၄)

သတ်စ်ဗီးဟ်များကို ရေတွက်ရာ၌ နှုတ်ဖြင့် မရေတွက်ရ။ ထို့အတူ လက်ချောင်းကလေးများအား ပိတ်၍ရေခြင်း၊ စိတ်ပုတီးအားကိုင်၍ ရေတွက်ခြင်း (မက္ကရူးဟ်)ဖြစ်၏။

**ရမဇွာန်လမြတ်နှင့် လိုင်လသွလ်ကဒရ်ည၏ ထူးမြတ်မှုအကြောင်း**

ရမဇွာန်လမြတ်သည် အစ္စလာမ်သာသနာတော်၏လများမှ နဝမမြောက်လဖြစ်သည်။

အစ္စလာမ်သာသနာသည် နေ့ ရက် လများကို သတ်မှတ်ရာတွင် လကိုအခြေခံထား၍ ရာသီဥတုများပြောင်းသည်နှင့်အမျှ ရမဇွာန်လမြတ်သည်လည်း ပြောင်းလဲလျက်ရှိရာ မွတ်စ်လင်မ်များသည် ရမဇွာန်လမြတ်၏ရိုဇဟ်ကို ရာသီဥတုတိုင်းတွင်စောင့်ထိန်းကြရသည်။ ထို့အတူ ကမ္ဘာတစ်ဝှမ်းရှိ မွတ်စ်လင်မ်များသည်လည်း တညီတညွတ်တည်း ရမဇွာန်လမြတ်၌ရိုဇဟ်စောင့် ထိန်းကြရသည်။ ရိုဇဟ်စောင့်ထိန်းခြင်းသည် အစ္စလာမ်သာသနာတော်၏ မဏ္ဍိုင်ကြီး (၅)ခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်တွင် အို အီမာန်သက်ဝင်ယုံကြည်သူအပေါင်းတို့ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထက်အလျင်ရှိခဲ့ကြသောသူတို့အပေါ်၌ ရိုဇဟ်စောင့်ထိန်းရန် ပညတ်တော်

မှုခဲ့လေသကဲ့သို့ အသင်တို့အပေါ်၌လည်း ရှိဗော်စောင့်ထိန်းရန် အပိန့်တော်ကိုပြဋ္ဌာန်းအတည်ပြုတော်မူခဲ့လေပြီ။ သို့မှသာလျှင် အသင်တို့သည် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်သူများဖြစ်ကြကုန်၏။ (ကုရ်အာန် ၂ း ၁၈၃)

ရှိဗော်စောင့်ထိန်းခြင်းသည် သာသနာရေး ကျင့်စဉ်တစ်ရပ်ဖြစ်သည့်အလျောက် လောကုတ္တရာအကျိုးဆောင်မည်မှာ သံသယမရှိ အမှန်ပင်ဖြစ်သည်။ ထိုမျှမက ရှိဗော်စောင့်ထိန်းခြင်းအားဖြင့် ဤလောကတွင်လည်း မြောက်များစွာသော အကျိုးကျေးဇူးများခံစားကြရလေသည်။ ရှိဗော်စောင့်ထိန်းခြင်းအားဖြင့် ကျန်းမာရေးတွင်များစွာအကျိုးဖြစ်ထွန်းကြောင်းကို ခေတ်မီဆေးပါရဂူကြီးများက ထောက်ခံလျက်ရှိကြ၏။

ရှိဗော်စောင့်ထိန်းရာတွင် စားခြင်း၊

သောက်ခြင်း၊ မေထုန်မှိုဝဲမှုပြုခြင်းနှင့် မကောင်းမှု တို့မှရှောင်ရှားခြင်းပြုရပေရာ စိတ်ဓာတ်ကို ချုပ် တည်းနိုင်သောသတ္တိ၊ ဒုက္ခကြီးငယ်တို့ကို ရင်ဆိုင် နိုင်သော အရည်အချင်းများနှင့် သူတော်ကောင်း စိတ်ဓါတ်များဖြစ်ပေါ်လာလေသည်။

ချမ်းသာသော သူဌေးသူကြွယ်များသည် ရိုဇဟ်စောင့်ထိန်းခြင်းအားဖြင့် ဆာလောင်မွတ် သိပ်ကြသောအခါ နေ့စဉ်နှင့်အမျှဆာလောင်မွတ် သိပ်နေသော သူဆင်းရဲများကို ကိုယ်ခြင်းစာနာ ကာ ပေးကမ်းလှူဒါန်းကြပေမည်။

ရိုဇဟ်စောင့်ထိန်းခြင်းနှင့်ပတ်သက်၍ အ ချို့သြဝါဒတော်များတွင် ဤသို့လာရှိထားသည်။

(၁) ရိုဇဟ်သည် (အပြစ်ဒုစရိုက်တို့မှကာကွယ် ရန်) ဒိုင်းသဖွယ်ဖြစ်သည်။

(၂) အကြင်သူတစ်ဦးသည် ရိုဇဟ်စောင့်ထိန်းပြီး

မုသားပြောဆိုခြင်း၊ လိမ်လည်မှုပြု ခြင်းတို့ကိုပြု လျှင် ထိုသူသည် အငတ်နေခြင်းမှလွဲ၍ အရှင်မြတ်ထံတွင်မည်သည့်အကျိုးစဝါးဗ်မျှရမည်မဟုတ်ချေ။

(၃) အသင်တို့ရှိဖော်စောင့်ထိန်းကြကုန်၊ ကျန်းမာကြကုန်လတ့်။ (မစ်ရှ်ကားသ်)

ရိုဇာဟ်စောင့်ထိန်းခြင်းကို ဆွဲယာမ် (သို့မဟုတ်) ဆောမ်ဟူ၍ခေါ်၏။ ဆောမ် ၏အလိုသဘောမှာ အေဗာဒသ် ခဝပ်ကိုးကွယ်တရားအားထုတ်ရန်နှင့် အလ္လာဟ်အရှင်မြတ်အဖို့ရည်စူး၍ 'နေ့' အချိန်၌ (နံနက်အချိန်မှ နေဝင်ချိန်ထိ) စားခြင်း၊ သောက်ခြင်း၊ မေထုန်မှီဝဲခြင်းတို့မှ မိမိကိုယ်ကိုမိမိရပ်ဆိုင်းထားခြင်းကို ဆိုလိုသည်။

## ရိုဇဟ်၏ အကျိုးစဝါးပ်

အလ္လာဟ်အရှင်မြတ်က "ရိုဇဟ်စောင့်ထိန်းခြင်းသည် ငါအရှင်မြတ်နှင့်သာသက်ဆိုင်၏။ ထိုရိုဇဟ်စောင့်ထိန်းသူ၏ အကျိုးစဝါးပ်ကိုလည်း ငါအရှင်မြတ်ကိုယ်တော်တိုင်ချီးမြှင့်တော်မူအံ့။ ရိုဇဟ်စောင့်ထိန်းသူသည် ငါအရှင်မြတ်အတွက် မိမိ၏စားသောက်ခြင်းနှင့် မေထုန်မှီဝဲမှုပြုခြင်းကိုစွန့်လွှတ်၏။ ၎င်းသည် ပုန်းကွယ်၍ရေသောက်လိုလျှင် သောက်နိုင်၏။ သို့သော်လည်း ငါအရှင်မြတ်မှတစ်ပါးမည် သူမှမမြင်နိုင်သောအခန်းအတွင်း၌လည်း ငါအရှင်မြတ်၏အမိန့်တော်ကိုလိုက်နာ၏။ ငါအရှင်မြတ်၏အမျက် ဒေါသကိုကြောက်ရွံ့လျက် မစားမ သောက်ဘဲနေလေ၏။ ငါအရှင်မြတ်အတွက် အလိုရမ္မက်ကိုစွန့်လွှတ်ခြင်းကြောင့် ရိုဇဟ်ထားသူ၏ အကျိုးစဝါးပ်

အား ငါအရှင်ကိုယ်တော်တိုင်ချီးမြှင့် ပေးသနားတော်မူမည်''ဟု မိန့်ကြားတော်မူထားသည်။ သိမှတ်ဖွယ်ရာ။ ။ ရိုဇဟ်အတွက်အကျိုးစဝါးဗ်ကို အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် ချီးမြှင့်ပေးသနားတော်မူမည်ဟူသောအကြောင်းနှင့်စပ်လျဉ်း၍ အိုလမာသာသနာ့ပညာရှင်ကြီးများက ဤသို့ရေးသားခဲ့ကြ၏။

အလ္လာဟ်အရှင်မြတ်အား သတိရတာ,သခြင်း သတ်စ်ဗီးဟ် အရှင်မြတ်စင်ကြယ်တော်မူကြောင်းကိုရွတ်ဆိုခြင်း၊ ရုကူအ်ဦးညွတ်ခြင်း၊ စဂ်ျဒဟ်ဦးချခြင်းအစရှိသော ကောင်းမှုတို့ကို ကောင်းကင်တမန်များလည်းပြုလုပ်ကြသဖြင့် ယင်းတို့၏အဆင့်အတန်းကို ၎င်းတို့မှန်းဆနိုင်ကြပေသည်။ ယင်းမှန်းဆချက်နှင့်အညီ အရှင်မြတ်စင်ကြယ်တော်မူကြောင်းကိုရွတ်ဆိုသူ၊ ဦးညွတ်သူ၊ ဦးချ

သူတို့၏အကျိုးစဝါးဇ်ကို ၎င်းတို့၏ကျင့်ဝတ်မှတ်တမ်းတွင် ကောင်းကင်တမန်များက ရေးသားကြ၏။

သို့သော် ရိုဇဟ်စောင့်ထိန်းရာတွင် လူသည် စားသောက်မှုနှင့် ကာမဂုဏ်လိုက်စားမှုကို အရှင်မြတ်အတွက်စွန့်လွှတ်၏။ ကောင်းကင်တမန်များတွင် အလိုရမ္မက်၊ စားခြင်း၊ သောက်ခြင်းနှင့် ကာမဂုဏ်လိုက်စားမှုလုံးဝမရှိ။ ထို့ကြောင့် ၎င်းတို့သည် ဤကိစ္စကိုစွန့်လွှတ်ရာတွင် မည်ရွေ့မည်မျှဒုက္ခခံစားရမည်ကို မှန်းဆနိုင်ခြင်းမရှိသောကြောင့် ရိုဇဟ်၏တိကျမှန်ကန်သော အကျိုးစဝါးဇ်ကိုလည်း ရေးသားခြင်းမပြုနိုင်ကြပေ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ကျေးဇူးတော်ဖြင့် ရိုဇဟ်၏အကျိုးစဝါးဇ်ကို ကိုယ်တော်တိုင် တာဝန်ယူချီးမြှင့်ပေးသနားတော်မူ၏။

ရက်ရောတော်မူသောအရှင်၏ ရက်ရောမှုကိုကြည့်ရှုပါ။

(၁) ရိုဇဟ်စောင့်ထိန်းသောအခါ ဝမ်းဗိုက်နှင့်အူထဲတွင် ဘာမျှမရှိသဖြင့် ရိုဇဟ်စောင့်ထိန်းသူ၏ ပါးစပ်မှထွက်ပေါ်လာသောအနံ့သည် အလ္လာဟ်အရှင်မြတ်အထံတော်၌ ကတိုးနံ့ထက် ပို၍သင်းကြိုင်ပေသည်။

(၂) တမန်တော်မြတ်ﷺ က ဤသို့မိန့်ကြားတော်မူခဲ့လေသည်။ ဂျန္နသ်၏တံခါးရှစ်ခုရှိ၏။ ယင်းတို့အနက် တံခါးတစ်ခု၏အမည်မှာ **ဗာဗွရ်ရိုက်ယားန်**ဖြစ်၏။ ယင်းတံခါးသည် အလွန်ကျယ်ဝန်းပြီး ရိုဇဟ်စောင့်ထိန်းသူများနှင့်သာသက်ဆိုင်၏။ ဤတံခါးမှဝင်ရောက်ခွင့်ရသောသူသည် မည်သည့်အခါမျှဆာလောင်မွတ်သိပ်မည် မဟုတ်ပေ။ ဟဒီးစ်တော်တစ်ပါး၌ ရိုဇဟ်စောင့်

ထိန်းသူများသည် အလ္လာဟ်အရှင်မြတ်အားဖူးမြင်ရမည်ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ် ﷺ ၏ မိန့်ကြားချက်မှာ ဤသို့လာရှိပေသည်။

(၃) ရိဇဟ်စောင့်ထိန်းသူအတွက် အထူးရှင်လန်းခြင်းတစ်ခုမှာ ဤမျက်မှောက်လောက၌ပင် ဝါ ဖြေချိန်၌ ရရှိ၏။ အခြားသောရှင်လန်းမှုတစ်ခုမှာ အာခိရသ်တမလွန်၌ အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားချိန်၌ရရှိပေမည်။ ဤသည်အာခိရသ်တမလွန်တွင် အလ္လာဟ်အရှင်မြတ်၏ အကြီးဆုံးသော **နီအ်မသ်** ကျေးဇူးတော်ပင်ဖြစ်ပေသည်။

(၄) နှစ်ဘဝ၏ကျေးဇူးတော်ရှင် တမန်တော်မြတ်မုဟမ္မဒ် ﷺ သခင်က ဤသို့မိန့်ကြားတော်မူခဲ့၏။ ရိဇဟ်နှင့်ကုရ်အာန်ကျမ်းမြတ်သည် ကိယာမသ်နေ့၌လူသားအတွက် အသနားခံပေးကြမည်။

ရှိဇဟ်က အို အရှင် ကျွန်တော်မျိုးသည် ထိုသူ့ကို စားသောက်မှုနှင့် ကာမဂုဏ်လိုက်စားမှုမှ နေ့အခါများတွင်တားမြစ်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးအား ၎င်းအတွက်အသနားခံခွင့်ပြုတော်မူပါဟုလျှောက်တင်ပေမည်။ ထိုအတိုင်းပင်ကျမ်းမြတ်ကုရ်အာန်ကလည်း အိုအရှင် ကျွန်တော်မျိုးသည် ထိုသူကိုညအခါများတွင် အိပ်စက်ခြင်းမှ တားမြစ်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးအား ၎င်းအတွက်အသနားခံ ပေးခွင့်ပြုတော်မူပါဟု လျှောက်ထားပေမည်။ ယင်းတို့၏ အသနားခံမှုကို အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူအံ့။

နမာဇ် (၅)ကြိမ်ကိုဝတ်ပြုရန် ဖရ်ဇ်တာဝန်ဖြစ်သကဲ့သို့ ရမဇာန်လမြတ်၏ရှိဇဟ်ကိုစောင့်ထိန်းရန်မှာလည်းဖရ်ဇ်တာဝန်ဖြစ်၏။ ရှိဇဟ်စောင့်ထိန်းခြင်းမပြုပါက လွန်စွာအပြစ်ကြီး ကျူး

လွန်သူဖြစ်သွားလေသည်။ ဖရ်ဇ်ဖြစ်ကြောင်း လက်မခံသူသည် ကာဖိရ်ဖြစ်သွားသည်။

ရမဇွာန်လပြတ်သည် မင်္ဂလာရှိသောလ ဖြစ်သည်။ ထိုလ၌ပင် အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်ကိုချပေးတော်မူခဲ့၏။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ ရမဇွာန်လ၏ပထမည စရောက်သောအခါ ရှိုင်သွာန်နှင့် ဆိုးသွမ်းသောဂျင်(န်)များကို ချုပ်နှောင်လိုက်လေသည်။ ထို့နောက် ဂျဟန္နမ်ငရဲဘုံ၏ တံခါးများကိုပိတ်ထားလိုက်လေ၏။ မည်သည့် တံခါးပေါက်ကိုမျှ မဖွင့်ထားတော့ပေ။ ၎င်းနောက် ဂျန္နသ်၏တံခါးများကို ဖွင့်ပေးလိုက်လေသည်။ မည်သည့်တံခါးပေါက်ကိုမျှ ပိတ်မထားတော့ပေ။ ထို့နောက် ကြွေးကြော်သူတစ်ဦးက အို ကောင်းမှုကို လိုလားသူအပေါင်းတို့ အရှေ့သို့တိုးကြပါလေ

ကုန်။ (ကောင်းမှုကိုတိုးပွား၍ ပြုလုပ်ကြပါကုန်)။ အို မကောင်းမှုများကိုမက်မောသူအပေါင်းတို့ မကောင်းမှုများမှရပ်တန်းကြပါကုန်။ ဤလတွင် အလ္လာဟ်အရှင်မြတ်က လူသားပေါင်းများစွာတို့အား ဂျဟာန္နမ်ငရဲမီးမှလွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူ၏ဟု ညစဉ်ညတိုင်းကြွေးကြော်နေလေသည်။

ရမဇွာန်လမြတ်တွင်ပြုကျင့်သော အမလ်ကျင့်စဉ်များ၏အကျိုးစဝါးဗ်ကို အလ္လာဟ်အရှင်မြတ်က တိုး၍ချီးမြှင့်ကြောင်း နဖိလ်ကျင့်စဉ်တစ်ခုပြုလုပ်ခြင်း၏ အကျိုးစဝါးဗ်ကို ဖရ်ဇ်ကျင့်စဉ်တစ်ခုပြုလုပ်သကဲ့သို့ အကျိုးစဝါးဗ်ရရှိကြောင်း ဖရ်ဇ်ကျင့်ဝတ်တစ်ခုပြုလုပ်ခြင်း၏အကျိုးစဝါးဗ်ကို ဖရ်ဇ်ပေါင်း (၇၀)ပြုကျင့်သော အကျိုးစဝါးဗ်ကိုရရှိကြောင်း တမန်တော်မြတ်မှ

ဟမ္မဒ် ﷺ သခင်က မိန့်ကြားတော်မူခဲ့ပါသည်။

ထို့ကြောင့်ကျွန်ုပ်တို့သည် ရမဇွာန်လ မြတ်၌ အကျိုးစဝါးဗ်များစွာရရှိနိုင်စေရန် ကောင်းမှုများကိုများစွာပြုလုပ်ရမည်။ အမှန်စင်စစ် လမြတ်ရမဇွာန်သည် မင်္ဂလာရှိသောလဖြစ်၏။ ကျမ်းမြတ်ကုရ်အာန် ကျရောက်ခဲ့သောလဖြစ်၏။ ယင်းကျမ်းမြတ်ကုရ်အာန်ကိုရွတ်ဖတ်ရမည့်လဖြစ်၏။ ကျမ်းမြတ်ကုရ်အာန်၏အမိန့်တော်အတိုင်း ပိုမိုလိုက်နာရမည့်လဖြစ်၏။ ကောင်းကင်တမန် ဂျစ်ဗ်ရာအီးလ်သည် ရမဇွာန်လတိုင်း နဗီတမန်တော်မြတ်အား ကုရ်အာန်ကျမ်းတော်မြတ်ကို အစအဆုံးဖတ်ကြားပြလေ့ရှိခဲ့ကြောင်း။ အချို့သြဝါဒတော်များအရ ကိုယ်တော်အားဖတ်ကြားစေခဲ့ကြောင်း။ တမန်တော်မြတ်သည် မိမိကွယ်လွန်တော်မူမည့်နှစ်တွင် ကုရ်အာန်ကျမ်း

တော်မြတ်တစ်အုပ်လုံးကို နှစ်ကြိမ်ခသမ်ပြု ကြောင်းလာရှိ၏။

နဗီတမန်တော်မြတ် မုဟမ္မဒ် ﷺ က ရမဇာန်လသည် ဆွဗရ် (သည်းခံခြင်းတရား)ကို ကျင့် သုံးရမည့်လဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့၏။ သည်းခံခြင်းဟူသည် မိမိကိုယ်မိမိထိန်းသိမ်း၍ စိတ်ကိုချုပ်တည်းထားခြင်း၊ တားဆီထားခြင်း၊ ကြံ့ကြံ့ခံခြင်းကိုဆိုလို၏။ ထို့ကြောင့် ရိုဇာဟ်စောင့်ထိန်းရာတွင် ဆာလောင်မွတ်သိပ်မှုကို သည်းခံ၍ စောင့်ထိန်းရခြင်းကြောင့် တစ်ဦးတစ်ယောက်က မိမိအားမကောင်းသောစကားပြောဆိုလာလျှင်လည်း သည်းခံရမည်။ ဒေါသအလျှင်းမဖြစ်စေရ။ ဒေါသစိတ်ကိုချုပ်တည်းထားရမည်။ မကောင်းသောစကားကိုမပြောဆိုရ။ အတင်းမပြောရ။ နဗီတမန်တော်မြတ် ﷺ က အသင်တို့အနက် တစ်ဦးတစ်

ယောက်သည် ရိုဇဟ်စောင့်ထိန်းထားလျှင် အ
ရက်ကင်းမဲ့သောစကားကိုမပြောဆိုရ။ ဟစ်အော်
ငေါက်ငမ်းခြင်းလည်း မပြုလုပ်ရ။ အကယ်၍တစ်
ဦးတစ်ယောက်က ဆဲရေးတိုင်းထွာခြင်းပြုလျှင်
ဖြစ်စေ၊ ရန်တွေ့လျှင်ဖြစ်စေ ကျွန်ုပ်သည် ရိုဇဟ်
စောင့် ထိန်းထားသည်ဟူ၍သာ ပြန်ပြောပါလေ
ဟု မိန့်ကြားတော်မူခဲ့လေသည်။

ရမဇွာန်လသည် ကိုယ်ချင်းစာတရား
ထားရှိရမည့်လဖြစ်သည်ဟု တမန်တော်မြတ် ﷺ
က မိန့်ကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် ယင်း
လတွင် ဆင်းရဲသားများ၊ မုဆိုးမများ၊ ယသီမ်ဖ
တဆိုးများကို ကူညီရိုင်းပင်းလှူဒါန်းရမည်။ မိမိ
လက်အောက်ခံ အလုပ်သမားတို့၏ တာဝန်ကို
ပေါ့ပါးစေရမည်။ ယင်းသို့ပေါ့ပါးစေခဲ့သော်
အလ္လာဟ်အရှင်မြတ်သည် ခွင့်လွှတ်ချမ်း သာပေး

တော်မူ၍ ငရဲမီးမှလွတ်မြောက်စေတော်မူမည်ဟု နဗီတမန်တော်မြတ်ﷺ က မိန့်ကြားတော်မူခဲ့၏။

## သုံးမျိုးသောကျိန်စာ

သာဝကကြီး အစ်ဗ်နိုအွဂ်ျရဟ် သခင်ကအမိန့်ရှိခဲ့၏။ တစ်ခါက တမန်တော်မုဟမ္မဒ်သခင်ﷺ သည် ကျွန်ုပ်တို့အား မင်မ်ဗရ်အနီးသို့တိုးကြလော့ဟု မိန့်ကြားတော်မူသဖြင့် ကျွန်ုပ်တို့သည်ရှေ့တိုးခဲ့ကြသည်။ ထိုနောက် ကိုယ်တော်မြတ်ကြီးﷺ သည် မင်မ်ဗရ်၏ပထမအဆင့်ပေါ်ခြေတင်တော်မူပြီး **(အာမီးန်)**ဟူ၍မြွက်ဆိုတော်မူ၏။ ဒုတိယအဆင့်ပေါ်ခြေတင်တော်မူသော အခါ၌လည်း **(အာမီးန်)**ဟူ၍မြွက်ဆိုတော်မူ၏။ တဖန်တတိယအဆင့်ပေါ်ခြေချတော်မူပြီး **(အာမီးန်)** ဟူ၍မြွက်ဆိုတော်မူခဲ့၏။

ကိုယ်တော်မြတ် ﷺ သည် (တရား ဟောကြားတော်မူပြီးနောက် မင်မ်ဗရ်ပေါ်မှ)ဆင်း သက်လာတော်မူသောအခါ ကျွန်ုပ်တို့က ယာရစူ လလ္လာဟ်၊ ကျွန်တော်မျိုးတို့သည် ကိုယ်တော် မြတ်ထံမှတစ်ကြိမ်တစ်ခါမျှမကြားဘူးသော စ ကားရပ်ကို ယနေ့ကြားခဲ့ရပါသည်ဟု လျှောက် ထားခဲ့ကြရာ ကိုယ်တော်မြတ်ကြီး ﷺ က ထိုအချိန်က ကောင်းကင်တမန်ဂျစ်ဗ် ရာအီးလ် သည် ငါကိုယ်တော်၏ရှေ့တော်မှောက်သို့ ရောက်ရှိလာခဲ့သည်။ ပထမအဆင့်သို့တက်သော အခါ ဂျစ်ဗ်ရာအီးလ် ကောင်းကင်တမန်ကြီး က ရမဇွာန်လမြတ်ကိုကြုံကြိုက်ပါလျက်နှင့် လွတ် ငြိမ်းချမ်းသာခွင့်မရသောသူ ပျက်စီးပါစေဟုဆိုခဲ့ ရာ ငါကိုယ်တော်က **အာမီးန်** (ဤအတိုင်းဖြစ်စေ သား)ဟုဆိုတော်မူခဲ့သည်။ တဖန်မင်မ်ဗရ်၏

ဒုတိယအဆင့်သို့တက်သောအခါ ဂျစ်ဗ်ရာအီးလ်က တမန်တော်မုဟမ္မဒ်သခင် ﷺ ၏ နာမတော်ကိုကြားပါလျက်နှင့် ကိုယ်တော့်အပေါ်ဒရူးဒ်မေတ္တာမပို့သသောသူ ပျက်စီးပါစေဟုဆိုရာ ငါကိုယ်တော်က **အာမီးန်**ဟုမြွက်ဆိုတော်မူခဲ့သည်။ တဖန် ငါကိုယ်တော်သည် မင်မ်ဗရ်၏တတိယအဆင့်ပေါ်သို့ခြေချတော်မူရာ ဂျစ်ဗ်ရာအီးလ်က အကြင်သူ၏ထံတွင် မိဘနှစ်ပါး (သို့) တစ်ပါးသက်ရှိထင်ရှားရှိပါလျက် ထိုမိဘကိုအကြောင်းခံ၍ (မိဘကိုပြုစုစောင့်ရှောက်၍) ဂျန္နသ် မရယူနိုင်သူ ပျက်စီးပါစေဟုဆိုခဲ့ရာ ငါကိုယ်တော်က **အာမီးန်**ဟုမြွက်ဆိုတော်မူခဲ့ကြောင်းမိန့် ကြားတော်မူခဲ့၏ဟု ပြောပြတော်မူလေ၏။

မှတ်ချက်။ ။ အကြင်သူသည်ရမဇွာန်လမြတ်တွင်တစ်စုံတစ်ရာအကြောင်းပြချက်မရှိဘဲ

ကောင်းမှုကုသိုလ်ပွားများခြင်းနှင့် ရိဇဟ်စောင့် ထိန်း၍ မင်္ဂဖွေရသ်မရခဲ့ပါလျှင် ထိုသူသည်ဂျစ်ဗ် ရာအီးလ် ကောင်းကင်တမန်နှင့် တမန်တော်မြတ် ကြီး ﷺ ၏ ကျိန်စာပြုသည့်အတိုင်းပျက်စီးဆုံးရှုံးခံ ရပေမည်။ ထို့နောက်အကြင်သူသည် တမန်တော် မြတ်ကြီး ﷺ ၏ အမည်နာမတော်ကိုကြားပါ လျက်နှင့် တမန်တော်မြတ်ကြီးအပေါ်သို့ ဒရူးဒ် မေတ္တာမပို့သခဲ့လျှင် ထိုသူသည်ဂျစ်ဗ်ရာအီးလ် ကောင်းကင်တမန်နှင့် တမန်တော်မြတ်ကြီး ﷺ ၏ကျိန်စာအတိုင်း ပျက်စီးဆုံးရှုံးမှုနှင့်ရင်ဆိုင်ရပေ မည်။ ထို့အတူအကြင်သူသည် မိမိထံတွင် မိခင် ဖခင် (သို့မဟုတ်) နှစ်ဦးမှတစ်ဦးဦးရှိပါလျက်နှင့် ထိုမိဘနှစ်ပါးအား စိတ်ချမ်းသာမှု အမိန့်နာခံမှု များနှင့် ပြုစုစောင့်ရှောက်မှုမပြုလုပ်ခဲ့ပါလျှင် ထို သူသည် ဂျန္နသ်သို့ဝင်ရောက်ခြင်းမပြုရသည့်အ

ပြင် ဂျစ်ဗ်ရာအီးလ်ကောင်းကင်တမန်နှင့် တမန်တော်မြတ်ကြီး ﷺ ၏ ကျိန်စာအတိုင်းပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရလိမ့်မည်။ အလ္လာဟ်အရှင်မြတ်ကျွန်ုပ်တို့အားလုံးအား ထိုကျိန်စာများမှလွတ်မြောက်နိုင်စွမ်းပေးသနားနော်မူပါစေ။ (အာမီးန်)

ရမဇွာန်လမြတ်၏ပထမ(၁၀)ရက်နှင့် ဒုတိယ(၁၀)ရက်တို့တွင် ကျမ်းမြတ်ကုရ်အာန်၊ ဒရူးဒ်ရှရီးဖ်၊ စွဗ္ဗဟာနလ္လာဟ်နှင့် လာအိလာဟအစ်လ္လလ္လာဟ် စသည်တို့ကိုရွတ်ဖတ်နေရမည်။ ဆင်းရဲသားများအား သနားကြင်နာ၍ ထောက်ပံ့လှူဒါန်းနေရမည်။အလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့၍ ကောင်းမှု ကုသိုလ်များစွာပြုနေရမည်။ ယင်းသို့ကျင့်ကြံပြီး နောက်ဆုံး (၁၀)ရက်တွင် ပျင်းရိခြင်းမရှိဘဲ အလ္လာဟ်အရှင်မြတ်၏ရဟ်မသ်ကရဏာ ဗရ်ကသ်မဂ်ဖိရသ်နှင့်ဆုလာဘ်

တော်တို့ကို အများဆုံးရယူနိုင်ရန်ကြိုးစား၍ ပိုမိုကျင့်ကြံ တရားအားထုတ်ရပေမည်။

တမန်တော်မြတ်ကြီး ﷺ ကို အလ္လာဟ်အရှင်မြတ်က ခွင့်လွှတ်တော်မူပြီးဖြစ်ကြောင်းသတင်းကောင်းပေးပြီးဖြစ်ပါလျက် ကိုယ်တော်သည် ရမဇွာန်လနောက်ဆုံး (၁၀)ရက်စသည်နှင့်တစ်ပြိုင်နက် မိမိကိုယ်တိုင်လည်း တစ်ညလုံးအိပ်စက်ခြင်းမရှိဘဲ တရားအားထုတ်၍ အိမ်သူအိမ်သားတို့ကိုလည်း နှိုးဆော်တော်မူခဲ့၏။ ကိုယ်တော်မြတ် ﷺ က ရမဇွာန်လမြတ်နှင့်ကြုံကြိုက်ပါလျက် ယင်းလမြတ်၌ လွတ်ငြိမ်းချမ်းသာပေးသနားတော်မူခြင်းမခံခဲ့ရဘဲ ကုန်လွန်စေခဲ့သောမွတ်စ်လင်မ်သည် လွန်စွာကံမကောင်း အကြောင်းမလှ ဆုံးရှုံးသူဖြစ်သည်ဟုမိန့်ကြားတော်မူခဲ့၏။

## လိုင်လသွလ်ကဒ်ရ်ည၏ ထူးမြတ်မှုများအကြောင်း

အလ္လာဟ်အရှင်မြတ်သည် နေ့များတွင် သောကြာနေ့၊ လများတွင် ရမဇာန်လ၊ ညများတွင် ကဒရ်ညတို့ကိုအမွန်မြတ်ဆုံးအဖြစ် ပြုတော်မူထား၏။

အဖိုးထိုက်တန်သောစိန်ကို အလွယ် တကူမရနိုင်ပါ။ ထို့အတူ 'ကဒရ်'ညသည်လည်း အလွန်ထူးမြတ်လှသောညတစ်ညဖြစ်သည့်အလျောက် အတိအကျမသိရှိနိုင်ပါ။ သို့သော် တမန်တော်မြတ်ကြီး ﷺ က ထူးကဲမွန်မြတ်လှသော 'ကဒရ်'ညမြတ်ကို ရမဇာန်လမြတ်ရှိ နောက်ဆုံး (၁၀)ရက်၏ မ,ညများတွင်ရှာဖွေကြလေကုန်ဟု မိန့်ခြွေတော်မူထားလေသည်။

(ဗုခါရီကျမ်း၊ တွဲ ၁၊ စာ-၂၇၀)

## ကဒရ်၏ ထူးခြားချက်များ

၁။ ကဒရ်ညမြတ်သည် နေဝင်ချိန်မှစတင်၍ မိုးသောက်ချိန်ထိ ငြိမ်းချမ်းသောညဖြစ်ခြင်း။

၂။ ထိုညသည် လပေါင်းတစ်ထောင်ထက် သာပိုမွန်မြတ်ခြင်း။

၃။ ကဒရ်ည၌ ကျမ်းတော်မြတ်ကုရ်အာန် ကျရောက်ခဲ့ခြင်း။

၄။ ကဒရ်ညဘွင် ကောင်းကင်တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် ကောင်းမြတ်သောအရေးကိစ္စဟူသ၍ကိုယူဆောင်၍ ဤကမ္ဘာမြေသို့ဆင်းသက်လာကြခြင်း။

၅။ ကဒရ်ညတွင် ကောင်းကင်တမန်များထံမှ 'မုအ်မင်န်'များအပေါ်သို့ စလာမ်မေတ္တာပို့သခြင်း။

၆။ အထူးသဖြင့် ကောင်းကင်တမန်ကြီး

ဂျစ်ဗ်ရာအီးလ်သည် ကာဒရ်ညဥ့်ဆင်းသက်လာခြင်း။ ကာဒရ်ညမြတ်သည် တမန်တော်မြတ် ﷺ ၏ အွမ္မသ်နောက်လိုက်များအတွက်သာ သီးသန့်ချီးမြှင့်ခြင်းခံရပြီး အခြားမည်သည့်အုပ်စုကိုမျှချီးမြှင့်ခဲ့ခြင်းမရှိပေ။ ဤသည်ကိုဟာဒီးစ်တော်၌ တမန်တော်မြတ် ﷺ က မိန့်ခွဲတော်မူသည်မှာ ငကန်မုချ အလ္လာဟ်အရှင်မြတ်သည် ကာဒရ်ညမြတ်အား ငါကိုယ်တော်၏အွမ္မသ်သားများအတွက်သာလျှင်ချီးမြှင့်တော်မူ၏။ ထိုအလျင် မည်သည့် အွမ္မသ်နောက်လိုက်ကိုမျှ ချီးမြှင့်ခြင်းမခံရပေ။ (ဒွရ်ရေ့မန်ဆူးရ် တွဲ ၆၊ စာ-၃၇၁)

**စူရဟ်ကာဒရ် ကျရောက်ခဲ့ပုံ**

ဟာဇရသ် အလီ သခင်နှင့် အွရ်ဝါဟ် သခင်တို့ကဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်ကြီး ﷺ က မိန့်ကြားတော်မူသည်။ ဗနီအိစ္စရာအီလ်

အမျိုးအနွယ်ဝင်ပုဂ္ဂိုလ် (၄)ဦးရှိခဲ့၏။

ယင်းတို့မှာ -

(၁) ဟဇရသ် အိုင်ယူဗ်

(၂) ဟဇရသ် ဇကရီယာ

(၃) ဟဇရသ် ဟဇ်ကီးလ် နှင့်

(၄) ဟဇရသ် ယူရှအ်ဗင်န်နူးရ် တို့ဖြစ်ကြသည်။

ယင်းပုဂ္ဂိုလ် (၄)ပါးတို့သည် နှစ်ပေါင်း (၈၀)တိုင်တိုင် အလ္လာဟ်အရှင်မြတ်၏အမိန့်ကို ဖီဆန်ခြင်းမရှိဘဲ အေဗာဒသ် ခဝပ်မှုများ၌သာ ကုန်လွန်ခဲ့ကြသည်။ ကိုယ်တော်မြတ်ﷺ သခင်၏ အဆိုပါမိန့်ခွန်းစကားရပ်ကိုကြားသိရပြီး အဆ်ဟာဗ်တော်များကတအံ့တသြဖြစ်ကြကုန်၏။ ဟဇရသ်ဂျစ်ဗ်ရာအီးလ် ကြွမြန်းရောက်ရှိလာပြီးပြောကြားသည်မှာ - အို ကိုယ်တော် အသင်၏

အမွှသ်သည် ထိုပုဂ္ဂိုလ်များနှစ်ပေါင်း (၈၀)အေဗာ
ဒသ် ခဝပ်မှုအပေါ်အုံသြအားကျနေကြသည်။
အလ္လာဟ်အရှင်မြတ်သည် ထို့ထက်အံ့သြအားကျ
စရာကောင်းသောစကားရပ်အား အသင်၏
အမွှသ် အပေါ်သို့ပို့ချပေးလိုက်သည်ဟုပြောကြား
ပြီး စူရဟ်ကဒရ်အားဖတ်ကြားပြတော်မူ၏။

ကေန်အမှန် ငါအရှင်မြတ်သည် ထိုကုရ်
အာန်ကျမ်းမြတ်အား ကဒရ်ညမြတ်၌ ချပေးသ
နားတော်မူ၏။ ထို 'ကဒရ်'ညမြတ်သည်ကား
လပေါင်းတစ်ထောင်ထက်သာပို၍မွန်မြတ်ပေသည်။

ဤစူရဟ်သည် ကိုယ်တော်နှင့် ကိုယ်
တော်၏အမွှသ်နောက်လိုက်များ အံ့သြအားကျနေ
သည့်အရာထက်ပင်ပို၍ အံ့သြအားကျစရာ
ကောင်းပေသည်ဟု ကောင်းကင်တမန် ဂျစ်ဗ်ရာ
အီးလ် ကပြောကြားလေသည်။ ဤသည်ကိုကြား

ပြီး တမန်တော်မြတ် ﷺ နှင့် အဆွေ့ဟာဗ်တော် များသည် ဝမ်းသာပျော်ရွှင်ကြည်နူးမဆုံးဖြစ်သွား ကြကုန်၏။ (ဒွရ်ရေမန်ဆူးရ်၊ တွဲ ၆၊ စာ-၃၇၁)

**ကဒ်ရ်ညမြတ်၏ ထူးခြားသောနိမိတ်လက္ခဏာများ**

ဟဇရသ်အဗ်ဒုလ်လာဟ်ဗင်န်အဗ္ဗားစ် သခင်ကဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ သည် လိုင်လသွလ်ကဒ်ရ်ညမြတ်၏ထူးခြားသော နိမိတ်လက္ခဏာများနှင့်စပ်လျဉ်း၍ မိန့်ခြွေတော်မူ သည်မှာ ဤညမြတ်သည်ကား အလွန်တရာမှနူး ညံ့သိမ်မွေ့သာညနှင့် လင်းဝင်းသောညဖြစ်ပြီး ရာသီဥတုသာယာကောင်းမွန်သောညဖြစ်သည်။ ထိုညမြတ်၏အာရုံဦးအချိန်သည် နေကောင်းစွာ လင်းဝင်းပြီး အပူလျော့နည်း၏။

(ဗိုင်ဟကီကျမ်း၊ တွဲ ၃၊ စာ-၂၄၀)

ဟဇရဲသ်အုဗာဒါဟ်ဗင်န်ဆွာမိသ် သခင်ဆင့်ပြန်ခဲ့သည်။ နဗီတမန်တော်မြတ်ﷺ သခင်က''ထိုကဒရ်ညမြတ်၏အ ချို့သောထူးခြားချက်များမှာ ထိုညသည်ကား လင်းဝင်းပြီး သာယာချမ်းမြေ့ဖွယ်ကောင်း၏။ အိုက်စပ်ပူလောင်ခြင်းမရှိသလို ချမ်းအေးခြင်းမျိုးလည်းမတွေ့ရပေ။ စန္ဒာလမင်းသည်လည်း တိမ်သလွှာကင်းရှင်းစွာလင်းဝင်းနေသည်။ မနက်မိုးသောက်ချိန်တွင်လည်း သူရိယနေမင်းသည် လင်းဝင်းစွာထွက်ပေါ်လာသော်လည်း ပူစပ်ပူလောင်ခြင်းမရှိချေ။

ဟဇရဲသ်အုဗာဒါသ်ဗင်န် အဗီလုဗာဗဟ်သာဗိအီ သခင်အမိန့်ရှိသည်မှာ ကျွန်ုပ်သည်ရမ်ဇာန်လမြတ်၏ (၂၇)ရက်ညတွင် သမုဒ္ဒရာရေကိုမြည်းစမ်းကြည့်ရာချိုမြနေသည်ကိုတွေ့ရှိရသည်။

(ဖသွာအိလွလ်အောင့်ကာသ်၊ စာ-၂၄၈)

ဟာဇရသ်ယဟ်ယားဗင်န် အဗီမိုင်စ
ရာဟ် သခင်ကအမိန့်ရှိသည်မှာ -

ကျွန်ုပ်သည် လမြတ်ရမ်ဇွာန် (၂၇)ရက်ညတွင် (ဗိုင်သွလ္လာဟ်)အား သွဝါးဖ်ပြုနေရင်း အမှတ်မထင် မိုးကောင်းကင်ပေါ်သို့မော့ကြည့်လိုက်ရာ ကောင်းကင်ယံ၌ ဖရစ်ရှ်သာဟ်များသည် လေဟာနယ်အတွင်းမှ ကအ်ဗဟ်ကျောင်းတော်အား သွဝါးဖ်လှည့်နေသည်ကိုတွေ့မြင်ရလေသည်။

(ဖသွာအိလွလ်အောင်ကာသ်ကျမ်း)

ဟာဇရသ် အဗူအွစ္စမာန်ဇာဟစ်ဒ် သခင်ကအမိန့်ရှိသည်မှာ -

ကျွန်ုပ်သည် အဗုမုဟမ္မဒ်မိဆ္ဂ်ရီ မက္ကာဟ်မြို့တော်၌ ဤသို့အမိန့်ရှိသည်ကိုကြားသိခဲ့ရသည်။ ၎င်းကမိန့်ကြားရာတွင် -

ကျွန်ုပ်သည်မိဆွဲရ်မြို့တစ်နေရာရှိဗလီဝတ်ကျောင်းတော်၌ အော့သိကာဖ်ထိုင်နေစဉ်တစ်နေ့အိပ်မက်တွင် မိုးကောင်းကင်၌တံခါးများပွင့်နေသည်ကိုတွေ့မြင်ရပြီး ဖရစ်ရှ်သဟ်ကောင်းကင်တမန်များ သက္ကဗီးရ်ရွတ်ဆို၍ဆင်းသက်နေကြသည်ကိုမြင်မက်လေ၏။ ကျွန်ုပ်သည်အိပ်မက်မှနိုးကြားသော် ထိုညသည်ရမ်ဇာန်လမြတ် (၂၇)ရက်ညဖြစ်ပြီး လိုင်လသွလ်ကာဒရ်ညဖြစ်သည်ကို သတိပြုမိလေသည်။

(ဖဿွာအိလွလ်အောင့်ကာသ် စာ-၂၄၉)

**ကာဒရ်ညမြတ်၌နိုးကြားသူတို့ ကျူးလွန်ခဲ့သော အပြစ်များအားလွတ်ငြိမ်းချမ်းသာခွင့်ပြုမည့်အကြောင်း**

ဟာဇရသ်အဗူဟိုရိုင်ရဟ် သခင်ကဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ က အကြင်

မည်သူမဆို လိုင်လသွလ်ကာဒ်ရည်မြတ်၌ အိမာန် သက်ဝင်ယုံကြည်မှုနှင့်အတူ အကျိုးစဝါးဗ်ကိုမျှော် ကိုးလျက် အိဗာဒသ် ခဝပ်မှု ပြုရန်နိုးကြားနေ မည်ဆိုပါက ထိုသူယခင်ကျူး လွန်ခဲ့သောအပြစ် အားလုံး လွတ်ငြိမ်းချမ်းသာခွင့်ရရှိပေအံ့။

(ဗုခါရီကျမ်း၊ အတွဲ ၁၊ စာ-၂၇၀)

မှတ်ချက်။ ။ ဖော်ပြပါဟဒီးစ်တော်၌ ကျူး လွန်ခဲ့သောအပြစ်များအားလုံး လွတ်ငြိမ်းချမ်းသာ ခွင့်ရရှိမည်ဟူသည့်အလိုသဘောမှာ ဆွဂီရာဟ် သေးငယ်သောအပြစ်များကိုဆိုလိုသည်။ ကဗီရာ ကြီးလေးသောအပြစ်များမှာမူ သောင်ဗဟ်မပြု လုပ်မချင်း လွတ်ငြိမ်းချမ်းသာခွင့်ရရှိမည်မဟုတ် ပေ။ ကဗီရာ ကြီးလေးသောအပြစ်များအတွက် သီးသန့်အမှားဝန်ချတောင်းပန်ရန် အရေးကြီး ကြောင်း အိုလမာသာသနာ့ပညာရှင်များက တ

ညီတညွတ်တည်းမိန့်ဆိုထားကြပေသည်။

**ကဒ်ရ်ညမြတ်၌ အထူးတောင်းဆိုရမည့်ဆုမွန်ဒိုအာ**

ဟဇရတ် အာအေရှာ رضی الله عنها သခင်မကဆင့်ပြန်သည်မှာ ကျွန်မသည် တမန်တော်မြတ် ﷺ အား အို ကိုယ်တော် အကယ်၍ လိုင်လသွလ်ကဒ်ရ်ညမြတ်သည် မည်သည့်ညဟု ကျွန်မသိရှိရသည်ရှိသော် မည်ကဲ့သို့ဒိုအာမျိုး တောင်းခံရမည်နည်း။ ထိုအခါ ကိုယ်တော်မြတ် ﷺ က အို အာအေရှာ ဤဒိုအာကိုတောင်းဆိုမှု ပြုပါလေဟု မိန့်ခြွေတော်မူလေသည်။

اَللّٰهُمَّ اِنَّكَ عَفُوٌّ تُحِبُّ الْعَفْوَ فَاعْفُ عَنِّىْ

အဓိပ္ပါယ် - အို အလ္လာဟ်အရှင်မြတ် ကျေးမှုချ အရှင်မြတ်သည်အလွန်တရာမှ လွတ်ငြိမ်းချမ်း

သာခွင့်ပြုတော်မူသောအရှင်ဖြစ်သလို ဤသို့ပြု
မှုခြင်းကိုလည်း အလွန်တရာမှန်စ်သက်တော်မူ
သောအရှင်ဖြစ်တော်မူ၏။ သို့ဖြစ်၍ ကျွန်တော်မျိုး
မ၏အပြစ်ဒုစရိုက်များအား လွတ်ငြိမ်းချမ်းသာခွင့်
ပြုတော်မူပါ။(သိရ်မေဇီကျမ်း၊ တွဲ ၂၊ စာ-၁၉၁)

**ကဒရ်ညမြတ်အား 'မ'ညများ၌ ရှာဖွေကြလေကုန်**

ကဒရ်ညမြတ်သည် မည်သည့်ညဖြစ်
သည်ကို အတိအကျမသိရှိရပေ။ အလ္လာဟ်အရှင်
မြတ်က ဖုံးဝှက်ထားတော်မူသည်။ သို့သော်
အာလင်မ်ပညာရှင်များက (၂၆)ရက်နှင့် (၂၇)ရက်
ကြားညအား ကဒရ်ညဖြစ် နိုင်ချေများသည်ဟု
ဆိုကြသည်။ ၎င်းနှင့်စပ်လျဉ်း၍ ဟဒီးစ်တော်အ
ချို့ဖြစ်လာရှိသည် မှာ -

ဟဇရတ် အာအိရှာဟ်ဆွိဒ်ဒီကဟ် သ

ခင်မကဆင့်ပြန်ခဲ့သည့် တမန်တော်မြတ်ﷺ က
အသင်တို့သည် ကဒရ်ညမြတ်အား လမြတ်ရမ
ဇွာန်၏ နောက်ဆုံး (၁၀)ရက်အတွင်းရှိ 'မ' ည
များ၌ရှာဖွေကြလေကုန်ဟု မိန့်ခြွေတော်မူလေ
သည်။ (ဗုခါရီကျမ်း၊ တွဲ ၁၊ စာ-၂၇၀)

မှတ်ချက်။ ။ ဟဒီးစ်တော်ပါ ရက်မစုံ 'မ'
ညများဟုဆိုရာတွင် (၂၁) (၂၃) (၂၅) (၂၇)
(၂၉)ရက် ညများကိုဆိုလိုခြင်းဖြစ်သည်။

ဟဇရသ် အဗ်ဒုလ္လာဟ် အိဗ်နုအုမရ် သ
ခင်ကဆင့်ပြန်ခဲ့သည်မှာ ဆွဟာဗဟ်အများစု
သည် (လိုင်လသွလ်ကဒရ်) ညအား လမြတ်ရမ်
ဇာန်၏ နောက်ဆုံး (၇)ရက်ညများ၌ အိပ်မက်
တွင်မြင်မက်ခဲ့ကြသည်။ ထို့ကြောင့် ရစူလ်ကိုယ်
တော်မြတ်ﷺ က မိန့်ကြားတော်မူခဲ့သည်မှာ -
အသင်တို့သည် ကဒရ်ညအား လမြတ်

ရမ်ဇာန်၏နောက်ဆုံး (၇)ရက်တွင်တွေ့မြင်ခဲ့သည်ကို အိပ်မက်မက်ရာ၌ တညီတည်းရှိကြသည်။ ထို့ကြောင့် မည်သူမဆို ကာဒရ်ညအားရလိုပါက ထိုသူ့အနေနှင့် ရမ်ဇာန်လ၏နောက်ဆုံး (၇)ရက်ရှိညများ၌ ရှာဖွေကြကုန်။

(ဗုခါရီကျမ်း၊ တွဲ ၁၊ စာ-၂၇၀)

ဖော်ပြပါဟဒီးစ်တော်၌ နောက်ဆုံး (၇)ရက်ကိုဆိုပါသည်။ သဘောမှာ ရမ်ဇာန်လမြတ် (၂၃)ရက်ည မှ (၂၉)ရက်ညထိဖြစ်သည်။

## ကာဒရ်ညမြတ်၌ ပုဂ္ဂိုလ် (၄)ဦးတို့၏ ဒိုအာကဗူလ်မဖြစ်ခြင်းအကြောင်း

ဗရကာသ်မင်္ဂလာအပေါင်းနှင့်ပြီးပြည့်စုံသော ကာဒရ်ညမြတ်တွင် အလ္လာဟ်အရှင်မြတ်သည် ပုဂ္ဂိုလ် (၄)ဦးတို့၏ ဆုမွန်ဒိုအာကို ကဗူလ်

ပြုလက်ခံတော်မူမည်မဟုတ်ပေ။ ၎င်းတို့မှာ -

(၁) အရက်သေစာသောက်စားသူ

(၂) မိဘနှစ်ပါး၏ စကားကိုဖီဆန်သူ

(၃) ဆွေမျိုးသားချင်းများနှင့် အဆက်ဖြတ်သူ

(၄) ရန်ငြိုးထားသူ တို့ဖြစ်ကြသည်။

မှတ်ချက်။ ။ လောက၌ လူသားအချင်းချင်း ရန်ငြိုးထားခဲ့ပါလျှင် ဦးစွာပထမ ထိုသူနှင့် ငြိမ်းချမ်းကြေအေးမှုရယူပါ။ ပြီးနောက် အလ္လာဟ်အရှင်မြတ်ထံ သောင်ဗဟ်ပြုအမှားဝန်ချပါ။ ထိုနည်းတူ ဆွေမျိုးသားချင်း ညီအစ် ကိုမောင်နှမများနှင့် အဆက်ဖြတ်ထားလျှင် ဦးစွာပထမ ထိုသူများနှင့် အဆက်အသွယ်ပြန်လည်ပြုလုပ်ပါ။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်ထံ သောင်ဗဟ်ပြု အမှားဝန်ချရမည်။ ထိုနည်းတူ မိဘနှစ်ပါး၏ အမိန့်စကားကိုဖီဆန်ခဲ့ပါလျှင် ဦးစွာပထမ ထိုမိ

ဘနှစ်ပါး ကျေနပ်စေရန်တောင်းပန်၍ အလ္လာဟ် အရှင်မြတ်ထံသောင်ဗဟ်ပြု အမှားဝန်ခံရလိမ့်မည်။

## ကဒရ်ညမြတ်၌ မည်သည့်အေဗာဒသ် ခဝပ်မှု ပြုရမည်နည်း

လိုင်လသွလ်ကဒရ်ညမြတ်၌လည်း ရှဗေဗရာအသ်ကဲ့သို့ သီးသန့်အေဗာဒသ် ခဝပ်မှု သတ်မှတ်ထားခြင်းမရှိပေ။ မိမိတို့၏စိတ်ထက်သန်ရာ မည်သည့်အေဗာဒသ် ခဝပ်မှုမျိုးကိုမဆို ပြုလုပ်နိုင်ပေသည်။ ယင်းည၏အချို့အစိတ် အပိုင်း၌ နဖိလ်နမာဇ်များဝတ်ပြုခြင်း၊ ကျန်အချို့အစိတ်အပိုင်းများ၌ ကုရ်အာန်ကျမ်းတော် မြတ်အားဖတ်ရွတ်သရဇ္ဈာယ်ခြင်း၊ အချို့အစိတ်အပိုင်းများ၌ ဇိကိရ်ပြုခြင်းနှင့် ဆုမွန်ဒိုအာတောင်းခံခြင်းတို့ကိုပြုနေရမည်။

## ကဒရ်ညမြတ်၌ သူတော်စင်များ၏ကျင့်စဉ်အချို့

၁။ အကြင်သူသည် ကဒရ်ညမြတ်၌ နဖိလ် နမာဇ် (၄)ရကအသ်ကို ရကအသ်တိုင်းတွင် စူရဟ်ဖွာသေဟဟ်ဖတ်ပြီးနောက် (အင်နာအန်ဇလ်နာ) စူရဟ်ကို သုံးကြိမ်စီနှင့် (ကွလ်ဟုဝလ်လာဟုအဟဒ်)စူရဟ်ကို အကြိမ် (၅၀)စီ စလာမ်လှည့်ပြီး (စွတ်ဗ်ဟာနလ္လာဟေ၊ ဝလ်ဟမ်ဒုလိလ္လာဟေ၊ ဝလားအေလားဟ အစ်လ္လလ္လာဟို့ ဝလ္လာဟုအက္ကဗရ်) တစ်ကြိမ်ဖတ်ပြီး လိုရာဆုဒိုအာတောင်းခံပါက ၎င်းတောင်းဆိုသောဒိုအာများကိုလက်ခံတော်မူမည်။

၂။ အကြင်သူသည် ကဒရ်ညမြတ်၌ နဖိလ်နမာဇ် (၄)ရကအသ်ကိုအောက်ပါနည်းအတိုင်းဖတ်ခဲ့သော် ၎င်းသူသေဆုံးရာတွင် လွယ်ကူစွာအသက်ထွက်စေမည့်အပြင် ကဗရ်၏အဇားဗ်မှ

လည်းကင်းဝေးစေမည်။ ၎င်းနောက် နှုရ်တိုင်လေးတိုင်ကိုလည်းချီးမြှင့်ခြင်းခံရပေမည်။ ၎င်းတိုင်တစ်တိုင်လျှင် ဗိမာန်အဆောင်ပေါင်း (၁၀၀၀၀)စီဆောက်လုပ်ထားရှိလိမ့်မည်။ ၎င်းနဖိလ်နမာဇ်(၄)ရကအသ်ဖတ်နည်းမှာ ရကအသ်တိုင်းတွင်အလ်ဟာမ်ဒုဖတ်ပြီး (အလ်ဟာကိုမွတ်သ်သကာစိရ)စူရဟ်ကို တစ်ကြိမ်နှင့် စူရဟ် (ကွလ်ဟုဝလ္လာဟုအဟဒ်) ကို (၃)ကြိမ်စီဖတ်ရပေမည်။

၃။ ဟဒီးစ်တော်တစ်ရပ်တွင် ကဒရ်ည၌မြတ်၌ နဖိလ်နမာဇ် (၄)ရကအသ်ကို အောက်ပါနည်းအတိုင်းဖတ်ခဲ့သော် မိခင်ဝမ်းအတွင်းမှမွေးကင်းစကလေးပမာ အပြစ်ကင်းစင်မှုရရှိအံ့။ ထို့ပြင်ဂျန္နသ်အတွင်း၌ အဆောင်ဗိမာန်ပေါင်း(၁၀၀၀၀)ချီးမြှင့်ခြင်းခံရပေမည်။ ၎င်းနဖိလ်နမာဇ်(၄)ရကအသ်ဖတ်နည်းမှာ ရကအသ်တိုင်းတွင်

စူရပ်ဖွာသေဟပ်ဖတ်ပြီးနောက် (အင်နာအန်ဇလ်နာ) စူရပ်ကို (၁)ကြိမ်၊ စူရပ် (ကွလ်ဟုဝလ္လာဟုအဟဒ်)ကို (၂၇)ကြိမ်စီဖတ်ရမည်။

၄။ အကြင်သူသည် ကာဒရ်ညဥ့်မြတ်၌ နဖိလ်နမာဇ် (၂)ရကာအသ်ကို အောက်ပါနည်းအတိုင်းဖတ်ခဲ့သော် ထိုသူစလာမ်လှည့်ပြီး မိုစ္စလ္လာဟ် အခင်းပေါ်မှမထခင် အရှင်မြတ်က ထိုသူနှင့်ထိုသူ၏မိဘနှစ်ပါး၏ အပြစ်ဂိုနာဟ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူမည်။

ဧင်းနမာဇ် ဖတ်နည်းမှာ - ရကာအသ်တိုင်းတွင် အလ်ဟာမ်ဒုဖတ်ပြီး ကွလ်ဟုဝလ္လာဟုအဟဒ်ကို (၇)ကြိမ်စီဖတ်ရမည်။

(လိုင်လသွလ်ကာဒရ်နှင့် ဖဇာအေလေယှအ်ဗာန်ကျမ်း)

၅။ အကြင်သူသည် ကာဒရ်ညဥ့်မြတ်၌ န

ဖိလ်နမာဇ် ရကအသ်ပေါင်း (၁၀၀)ကိုအောက်ပါ နည်းအတိုင်းဖတ်ခဲ့သော ဂျန္နသ်၌ ခန့်ညားထည် ဝါသောအိမ်တစ်လုံးရရှိပေအံ့။

ဖတ်နည်း - ရကအသ်တိုင်းတွင် စူရဟ်ဖွာ သေဟတ်ဖတ်ပြီးနောက် စူရဟ်ကဒရ်ကို သုံး ခေါက် ကွလ်ဟုဝလ္လာဟုအဟဒ်စူရဟ်ကို (၁၀) ကြိမ်စီဖတ်ရပေမည်။

မှတ်ချက် - အထက်ပါနမာဇ်များအား သီး သန့်သတ်မှတ်ချက်ဖြင့်ဝတ်ပြုရန် ပညတ်ချက်မ ရှိပါ။

**ကဒရ်ည၌မြတ်အား လျှို့ဝှက်ထားရခြင်းအကြောင်း**

အလ္လာဟ်အရှင်မြတ်သခင်သည် ကဒရ် ညမြတ်အား လျှို့ဝှက်ထားခြင်းမရှိသတ်မှတ်ပြ ဌာန်းလိုက်ပါက အချို့ပျင်းရိသောသူနှင့် ရေသာ

ခိုအချောင်လိုက်သူများသည် ထိုည၌သာကောင်း မှုကုသိုလ်ပြုပြီး အခြားညများ၌ ပေါ့လျော့စွာ နေထိုင်ကြပေမည်။

ကဒရ်ညမြတ်အား သတ်မှတ်ပြဌာန်း ထားခြင်းမရှိသည့်အပေါ် ကဒရ်ညကိုရလိုရငြား ဖြင့် လမြတ်ရမ်ဇွာန်၏အခြားသောညများ၌လည်း အေဗာဒသ် ခဝပ်မှုပြုခြင်းကြောင့် သီးခြားအကျိုး စဝါးဗ်များရရှိပေမည်။

အချို့သူတို့သည် အပြစ်ဒုစရိုက်များမ ကျူးလွန်ရလျှင်မနေနိုင်ဘဲရှိကြသည်။ အကယ်၍ ကဒရ်ညမြတ်အားပြဌာန်းလိုက်ပါက ထိုညမြတ်၌ အပြစ်များမှရှောင်ရှားရန် အရေးကြီးသောတာဝန် တစ်ခုဖြစ်သွားပေမည်။ ကဒရ်ညမြတ်အား သတ် မှတ်ပြဌာန်းသည့်ပုံစံတွင် ကုသိုလ်ကောင်းမှုပြု လျှင် လပေါင်းတစ်ထောင်ကုသိုလ်ပြုသည့် အ

ကျိုးစဝါးဗ်ရရှိသလို မိုက်မဲစွာ ဂိုနာဟ်ဒုစရိုက်များ ကျူးလွန်လိုက်ပါကလည်း လပေါင်းတစ်ထောင် အပြစ်ဂိုနဟ်ကျူးလွန်သည်နှင့် ထပ်တူထပ်မျှဖြစ် သွားပေမည်။

**ကဒရ်ညဉ့်မြတ်အား မရရှိသူအတွက် ဆုံးရှုံးမှုတစ်ရပ်**

တမန်တော်မြတ်ﷺ သခင်ကမိန့်ခြွေ တော်မူသည်မှာ 'အသင်တို့အပေါ်သို့ လတစ်လ ရောက်ရှိပြီ။ ထိုလ၌ရှိသော ညတစ်ညသည် လပေါင်းတစ်ထောင်ထက် သာပို၍ကောင်းမြတ် သည်။ မည်သူမဆို ထိုညအားလက်လွတ်ဆုံးရှုံးရ ပါက အမှန်တကယ်ကောင်းခြင်းအလုံးစုံမှ လက် လွတ်ဆုံးရှုံးသူဖြစ်သည်။

(အိဗ်နေ့မာဂျဟ်ကျမ်း၊ စာ-၁၂၀)

ထို့ကြောင့်ဟာဒီးစ်တော်များတွင်ဖော်ပြ

ပါရှိသည့်အတိုင်း လပြတ်ရမ်ဇွာန်၏နောက်ဆုံး (၁၀)ရက် သိုမဟုတ် နောက်ဆုံး (၇)ရက်ညများ တွင်မင်္ဂရစ်ဗ်၊ အိရှာဟ်နှင့် ဖဂျ်ရ်နမာဇ်အား ဂျမာ အသ်နှင့်တကွဝတ်ပြုမည်ဆိုပါက ထိုကဒ်ရ်ည မြတ်၏အကျိုးစဝါးဗ်အားရရှိစေ၏။

ဟဇရသ်အနတ်စ် သခင်ကအမိန့်ရှိ သည်မှာ အကြင်မည်သူမဆို ရမ်ဇွာန်လမြတ် (၁)လလုံး၌ မင်္ဂရစ်ဗ်နှင့် အိရှာဟ်နမာဇ်တို့အား ဂျမာအသ်နှင့်တကွဝတ်ပြုမည်ဆိုပါက ထိုသူ သည် ကဒ်ရ်ညမြတ်အားပြည့်ပြည့်ဝဝရရှိသူဖြစ် သည်။ (ဗိုင်ဟကီ၊ တွဲ ၃၊ စာ-၃၄၀)

အလ္လာဟ်အရှင်မြတ် ကျွန်ုပ်စာရေးသူ နှင့်မွတ်စ်လင်မ်အမျိုးသား အမျိုးသမီးများအား မှန်မြတ်လှသောကဒ်ရ်ညမြတ်နှင့် ကြုံကြိုက်နိုင် စွမ်းပေးသနားတော်မူပါစေ။ (အာမီးန်)

# လမြတ်ရမဇာန်တွင် ရွတ်ဖတ်ရမည့် ဆုမွန်ဒုအာများ

❀❀❀❀❀

❊ စဲဟ်ရီအချိန် ရွတ်ဖတ်နေရမည့် ဆုမွန်ဒုအာ ❊

يَاوَاسِعَ الْمَغْفِرَةِ

အသံထွက်

ယာ ဝါစေအလ်မဂ်ဖွေရသိ။

❊ အစွရ်အချိန်မှ မဂ်ရစ်ပ်အချိန်အထိ ရွတ်ဖတ်နေရမည့် ဆုမွန်ဒုအာ ❊

يَاوَاسِعَ الْفَضْلِ اِغْفِرْلِىْ

အသံထွက်

ယာ ဝါစေအလ် ဖဒ္ဒ်လေ အစ်ဂ်ဖစ်ရ်လီ။

※ အစ်ဖ်သာရီအချိန်တွင် တောင်းဆိုရမည့် ဆုမွန်ဒုအာ ※

اَللّٰهُمَّ لَكَ صُمْتُ وَبِكَ اٰمَنْتُ

وَعَلٰى رِزْقِكَ اَفْطَرْتُ فَتَقَبَّلْ مِنِّىْ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အသံထွက်

အလ္လာဟုမ္မ လက စွန်မ်သု ဝဗိက

အာမန်းသု ဝအလာ ရစ်ဇ်ကိက

အဖ်သွာရ်သု ဖသကဗ္ဗလ်

မင်နီ့ ဗစ္စမစ်လ္လာဟစ်ရ် ရဟ်မာနစ်ရ် ရဟီးမ်။

ထို့နောက် . . .

اَللّٰهُمَّ اِنِّىْ اَسْئَلُكَ بِرَحْمَتِكَ الَّتِىْ

وَسِعَتْ كُلَّ شَىْءٍ اَنْ يَغْفِرَ لِىْ ذُنُوْبِىْ

အသံထွက်

အလ္လာဟွမ္မ အင်းနီ

အတ်စ်အလုက ဗိရဟ်မသိ

ကလ္လသီ ဝစေအသ် ကွလ္လ ယှိုင်အင်နှ်

အိုင်းယဂ်ဖေရလီ ဗုန္နူဗီ။

※ အစ်ဖ်သာရီပြုလုပ်နေသောအခါ ရွတ်ဖတ်ရန် ※

ذَهَبَ الظَّمَاءُ وَابْتَلَّتِ الْعُرُوقُ

وَثَبَتَ الْاَجْرُ اِنْ شَاءَ اللّٰهُ

အသံထွက်

ဇဟဗဇ်ဇ် ဇွမာအု ဝဲဗ်သလ္လသစ်လ် အိုရူကု

ဝဆဗသလ် အဂ်ျရု အင်နှ်ရှာအလ္လာဟ်။

※ လမြတ်ရမဇာန်တွင် သွားရင်းလာရင်း အချိန်တိုင်း
အကြိမ်ကြိမ်အဖန်ဖန် ရွတ်ဖတ်နေရမည့် ဆုမွန်ဒုအာ ※

لَا اِلٰهَ اِلَّا اللّٰهُ نَسْتَغْفِرُ اللّٰهَ وَ نَسْأَلُكَ
الْجَنَّةَ وَ نَعُوْذُبِكَ مِنَ النَّارِ

အသံထွက်

လာအိလာဟ အစ်လ္လလ္လာဟု
နပ်စ်သင်ဖိရွလ္လာဟ ဝနပ်စ်အလုကလ်ဂျန္နသ
ဝနအူဇုဗိက မိနန္နာရိ

※ ရိဇဗ် ပထမနေ့မှ ဆယ်ရက်မြောက်နေ့အထိ
ရွတ်ဖတ်နေရမည့် ဆုမွန်ဒုအာ ※

اَللّٰهُمَّ ارْحَمْنِيْ يَا اَرْحَمَ الرَّاحِمِيْنَ

အသံထွက်

အလ္လာဟွမ္မရ် ဟမ်နီ ယာအရ်ဟမရ်
ရာဟေမီးန။

※ ရိုဇဟ် တစ်ဆယ့်တစ်ရက်နေ့မှ နှစ်ဆယ်ရက်မြောက်နေ့အထိ ရွတ်ဖတ်နေရမည့် ဆုမွန်ဒုအာ ※

اَللّٰهُمَّ اغْفِرْ لِىْ ذُنُوْبِىْ يَارَبَّ الْعَالَمِيْنَ

အဓိပ္ပါယ်

အလ္လာဟ္ဝမ္မဂ်ဖစ်ရ်လီ ဇုနူဘီ ယာရဗ္ဗလ် အာလမီးန။

※ ရိုဇဟ် နှစ်ဆယ့်တစ်ရက်နေ့မှ နောက်ဆုံးနေ့အထိ ရွတ်ဖတ်နေရမည့် ဆုမွန်ဒုအာ ※

اَللّٰهُمَّ اَتْقِنِىْ مِنَ النَّارِ وَاَدْخِلْنِىْ فِى الْجَنَّةِ يَارَبَّ الْعَالَمِيْنَ

အဓိပ္ပါယ်

အလ္လာဟ္ဝမ္မ အသ်ကေနီ မိနန်နာရိ ဝအဒ်ခိလ်နီ ဖိလ်ဂျန္နသိ ယာရဗ္ဗလ် အာလမီးန။

❊ ကဒရ်ညမြတ်ဖြစ်နိုင်သော
ရိုဇာ် ၂၁-၂၃-၂၅-၂၇ နှင့် ၂၉-ရက်များတွင်
နေ့/ည များစွာရွတ်ဖတ်နေရမည့်ဆုမွန်ဒုအာ ❊

اَللّٰهُمَّ اِنَّكَ عَفُوٌّ تُحِبُّ الْعَفْوَ
فَاعْفُ عَنِّى
يَاغَفُوْرُ يَاغَفُوْرُ يَاغَفُوْرُ

အသံထွက်

အလ္လာဟုမ္မ အင်န္နက အဖုဝ်ဝွန်း
သုဟာစ်ဗ်ဗွလ် အဖ်ဝ ဖာအ်ဖု အန်းနီ
ယာဂဖူးရု ယာဂဖူးရု ယာဂဖူးရု

အစ္စလာမ်စာပေပြန့်ချိရေး ၆၄၊ လမ်း(၃၀)၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၀၁၂၀၉